စိုးမိုးစာပေ

ဗျူး

# ကမ္ဘာသန်သန်အိပ်နေတဲ့ ပန်းပွင့်



COVER :Idea Kyaw

# အခန်း(၁)

"အဲဒီလူကြီးအသက်က ဘယ်လောက်ရှိပြီလဲ အမေရဲ့ "

"အင်း ငါးဆယ်တော့ မရှိသေးဘူးထင်တယ်၊ လေးဆယ့်ရှစ် လေးဆယ့်ကိုးလောက်တော့ ရှိမှာ ပေါ့"

"ဟင် ဒါဆို မိလွှာနဲ့ အတော်ကွာတာပဲ"

မြင့်မြင့်မိုး အံ့သြသလို ရေရွတ်သည် ။ နံဘေးမှ ငြိမ်သက်စွာ နားထောင်နေသော အငယ်မ နှင်းနှင်းမိုး မျက်မှောင်ကုပ် နှာခေါင်းရှုံ့ရင်း

"ဝတ်လွှာဖြူ အသက်က ဆယ့်ကိုးနှစ်ဆိုတော့ အသက် သုံးဆယ်တိတိ ကွာတာပေါ့ မကြီးရဲ့ "

"အသက်ကလည်း ကွာလိုက်တာ၊ ပြီးတော့ အဲဒီလူကြီးက မယားကြီးရှိတယ်ဆို ကလေးတစ်ယောက် အဖေဆို ဟုတ်လား အမေ"

မြင်မြင့်မိုး မေးခွန်းတွေ တရစပ် မေးလာတာကို စိတ်မရှည်နိုင်သော ဒေါ်ခင်ကြည်က

"လောကမှာ အရေးကြီးဆုံးက ငွေပဲ၊ ဦးမျိုးမြင့်မာန်က ပြည့်စုံချမ်းသာတယ်၊ ကုမ္ပဏီပိုင်ရှင် သူဌေးတစ်ယောက်ဟဲ့"

မြင့်မြင့်မိုးတို့ ညီအစ်မ နှစ်ယောက်စလုံး ပါးစပ်တွေပိတ်သွားကြသည် ။ ဒေါ်ခင်ကြည်က ရေနံဆီမီးခွက်ကို ကောက်မပြီး မီးသေနေသော

ဆေးပေါလိပ်တိုကို မီးညှိသည် ။ ပြီးတော့မှ မီးခိုးတထောင်းထောင်းထအောင် ဖွာရှိုက်လိုက်ရင်း

"အသက်ကွာတာ ဘာမှ အရေးမကြီးဘူး၊ မယားကြီး ရှိတယ်ဆိုပေမယ့် တရားဝင် ကွာရှင်းပြီးမှ တရားဝင် လက်ထပ်ယူမှာ ၊ သူ့မှာ သားတစ်ယောက် ရှိတယ်ဆိုပေမယ့် သား အရင်းအချာ မဟုတ်ဘူး အေ့ မွေးစားသားတဲ့ ။ ဘာပဲဖြစ်ဖြစ် ဝတ်လွှာဖြူလေးဘဝက ပြည့်စုံသွားမှာ အသေအချာပဲ၊ နုံချာလှတဲ့ တဲစုတ်ပေါ်ကနေ ထည်ဝါလှတဲ့ တိုက်အိမ်ကြီးပေါ်မှာ စံရတာ ဘယ်လောက်ကံကောင်းသလဲ၊ ညည်းတို့တောင် အတုယူသင့်သေးတယ် ဟွန်း"

"အမေကလည်း သမီးတို့ နဲ့ ဘာဆိုင်လို့ လဲ"

"ဆိုင်တာပေ့ါအေ၊ ညည်းတို့ ဘာအသုံးကျသလဲ၊ ဒီမအေပင်ပင်ပန်းပန်း ရှာကျွေးနေတာကို ထိုင်စား၊ ဘာတစ်ခုမှ အားမကိုးရဘဲ လတ်လျားလတ်လျား လုပ်နေကြ၊ ဖအေကလည်း အရက်ကလေး တမြမြနဲ့ တစ်နေ့ဒုက္ခလှလှတွေ့မယ် ဟွန်း"

ပြောရင်း ဒေါ်ခင်ကြည် ဆူပူမာန်မဲတော့ ညီအစ်မနှစ်ယောက်ခြေဆောင့်ပြီး နောက်ဖေးအခန်းထဲ ထွက်သွားကြသည် ။

"ဟဲ့ ကောင်မတွေ ဖြည်းဖြည်းလျှောက်ကြ၊ အိမ်ပြိုကျမှ နေစရာမရှိဖြစ်ကုန်မယ်၊ ငါ တယ် မပြောလိုက်ချင်ဘူး"

ဝါးခြမ်းအခင်းကြမ်းလေး တုန်ခါပြီး အသံတွေ တကျွီကျွီ မြည်သွားတာကို အိပ်မပျော်သေးတဲ့ လွှာ ကြားနေရသည် ။

ပြန်မမိုးနိုင်တာ နှစ်နှစ်ရှိပြီဖြစ်တဲ့ ဓနိမိုး ကျိုးတိုးကျိုးတဲကြားက ဖြာကျနေတဲ့ လရောင်နဲ့ မှိတ်တုတ်တုတ် ကြယ်ပွင့်လေးတွေကို လွှာ

ငေးကြည့်နေမိသည် ။

မွန်းကျပ်စရာကောင်းတဲ့ သည် တဲအိမ်လေးမှာ လွှာ နေထိုင်ခဲ့ရတာ နှစ်နှစ်ကျော်ကြာခဲ့ပါပြီ။ အမေ ဆုံးပါးတော့ အဖေက ညီမဝမ်းကွဲ တော်စပ်သော ဒေါ်ခင်ကြည်တို့ အိမ်မှာ ပဲ အတူနေကြဖို့ ဆုံးဖြတ်ခဲ့သည် ။

ရပ်ကွက်ထဲမှာ အပျိုဖော်ဝင်စ သမီးတစ်ယောက်တည်းကို ထားရစ်ခဲ့ဖို့ ဆိုတာ အဖေ ဘယ်လိုမှ စိတ်မချနိုင်သလို လွှာလည်း မနေရဲပါ။

အဖေ့ရဲ့ အလုပ်က ကုမ္ပဏီကြီးတစ်ခုမှာ ယာဉ်မောင်း ဒရိုင်ဘာဖြစ်သည် ။ ကွန်တိန်နာ ကားကြီးတွေကို မောင်းနှင်ရသော အဖေသည် တစ်ပတ်တစ်ကြိမ်လောက်တော့ နယ်ခရီးဝေး မောင်းနှင်ရသည် ။

အဖေ သုံးလေးရက် ညအိပ်သွားရတတ်သော ရက်တွေမှာ အမေနှင့် လွှာတို့ ရှိနေရစ်တာ စိတ်ချနိုင်ပေမယ့် အမေမရှိတော့ အဖေ့မှာ အဆင်ပြေမည့် လမ်းကို ရွေးရသည် ။

အဖေ့ရဲ့ ညီမဝမ်းကွဲ ဒေါ်ခင်ကြည်တို့ မိသားစုက အဆင်ပြေလှတာတော့ မဟုတ်ပါ။ ဒေါ်လေးရဲ့ ခင်ပွန်းက ဆိုက်ကားနင်းသည် ။ ရသည့်ငွေက သူ့အရက်ဖိုးတောင် မလောက်ချင်ပါ။

မွေးထားတာက သမီးနှစ်ယောက်ဖြစ်သည် ။ လွှာ ထက်တစ်နှစ်ကြီး တစ်နှစ်ငယ်သော မြင့်မြင့်မိုးနှင့် နှင်းနှင်းမိုးတို့ ကလည်း အမေအတွက် အားကိုးရတာ မဟုတ်ပါ။

ပညာရေးမှာ အလယ်တန်းတောင် မအောင်မြင်ကြ။ မိခင်ဖြစ်သူနှင့် အတူ ကုန်စိမ်းရောင်းဖို့ ဆိုတော့လည်း ဈေးရောင်းရမှာ ရှက်သည် တဲ့ ။

သမီးအတွက် အကူအညီတောင်း မှီခိုဖို့ ရောက်လာသော အဖေ့ခမျာ ညီမဖြစ်သူ ဒုက္ခကို မကြည့်ရက်တော့ ရသမျှလခ လက်ထဲအပ်ကာ

ပြန်ကြည့်ရှုရသည်။

လှာ ကိုယ်တိုင်ကလည်း ဒေါ်လေးကြည်ကို သနားမိတာမို့ အိမ်မှုကိစ္စတွေမှာ ကူညီပေးသည်။ အချက်အပြုတ်၊ အလျှော်အဖွပ် ကိစ္စမှန်သမျှ ဒိုင်ခံလုပ်ပေးခဲ့သည်။

လှာတို့ သားအဖ ရောက်လာတာ သူတို့ အတွက် အထောက်အပံ့ အကူအညီများ စွာ ရတာမို့ အပြစ်မတင်ဘဲ ရေငုံနှုတ်ပိတ် ကျေနပ်နေခဲ့ကြသည်။

လွန်ခဲ့သော တစ်လောက်က လှာ ဘဝလေးကို ကြမ္မာဆိုးက ဝင်မွှေခဲ့သည်။ အားကိုးရာ အဖေ ကားမှောက်ခဲ့သည်။

အဖေနှင့် အတူပါသော ယာဉ်မောင်းတစ်ဦးနှင့် နောက်လိုက်နှစ်ဦး နေရာမှာ ပဲ ပွဲချင်းပြီး ဆုံးပါးသည်။ အဖေက ဒဏ်ရာအပြင်းအထန်နှင့် ဆေးရုံမှာ သုံးရက်ခံလိုက်ရပြီး တိမ်းပါးသွားခဲ့၏။

အဖေ့ရဲ့ အလုပ်ရှင် သူဌေး ဦးမျိုးမြင့်မာန်က အဖေ့ကိစ္စ အလုံးစုံကို တာဝန်ယူခဲ့သည်။ တွယ်ရာမဲ့ ကျန်ရစ်ခဲ့သော လှာကို တရားဝင် လက်ထပ်ယူဖို့ ဆုံးဖြတ်ကာ ဒေါ်လေးကြည်ထံ ခွင့်တောင်းခဲ့သည် တဲ့။

"သမီး အဖေ ဆေးရုံမှာ သတိပြန်လည်လာတုန်းက ကျန်ရစ်ခဲ့တဲ့ သမီးကို စောင့်ရှောက် ကူညီပေးပါလို့ မှာ ခဲ့တယ်တဲ့ ၊ သမီးဘဝကို စာနာသနားလို့ အဲဒီ သူဌေးက တရားဝင် လက်ထပ်မှာ တဲ့ ၊ သမီးကံကောင်းပါတယ်"

ဒေါ်လေးကြည်က ကံကောင်းသည် ဟု နှစ်သိမ့်သည်။

လှာမှာ တော့ ဆုံးဖြတ်ရခက်ခဲသော ကိစ္စကြီး။ အသက် အရွယ်ချင်း သုံးဆယ်လောက် ကွာခြားသော ယောကျ်ားကို လက်ထပ်ယူရတော့မည့်

အဖြစ်။ ပြီးတော့ သူ့မှာ မကွာရှင်းရသေးသော ဇနီးက ရှိနေသေးသည် ။

"အဲဒီအတွက်တော့ ပြဿနာ မရှိပါဘူး။ ဦးဇနီးက အင်္ဂလန်ကို ထွက်သွားခဲ့တာ တစ်နှစ်ကျော်ပြီ ဦးနဲ့ သဘောထားခြင်း မတိုက်ဆိုင်လို့ ထွက်သွားခဲ့တာ၊ သူနဲ့ တရားဝင် ကွာရှင်းစာချုပ် ဦး တောင်းဆိုထားတယ်၊ ရက်ပိုင်းအတွင်း ရောက်လာမှာ ပါ"

ဦးမျိုးမြင့်မာန်က ရှင်းပြပေမယ့် လွှာ စိတ်ထဲမှာ တော့ မဝံ့မရဲ ဖြစ်နေရတာ အမှန်။ လွှာကြောင့် မိသားစုတစ်ခု ပြိုကွဲသလိုဖြစ်မှာ ပြီးတော့ ဦးမျိုးမြင့်မာန်ရဲ့ မွေးစားသား ကိစ္စကလည်း ရှိသည် ။

လွှာ တစ်ခါမှ မမြင်ဘူးပေမယ့် လွှာ့ထက် ငါးနှစ်အသက်ကြီးတာ သိထားသည် ။

သားအရင်းအချာ မဟုတ်ဆိုပေမယ့် ငယ်ငယ်ကတည်းက မွေးစားစောင့်ရှောက် လာခဲ့တဲ့ သူတဲ့ ၊ သူကကော လွှာ့ကို ကြည်ဖြူပါ့မလား။

ဒါတွေ အားလုံးသည် လွှာ ရင်ထဲ စိတ်ထဲက စိုးရိမ်ကြောက်လန့် နေမှုတွေပဲ ဖြစ်သည် ။ နှုတ်က ပြောဖို့ အခွင့်မရှိ၊ ပြောလည်း မပြောရဲပါ။

အချစ်ဆိုတာ ဘာလဲလို့ တောင် လွှာ ရေရေရာရာ မသိ။ ရင်မခုန်ခဲ့ဘူးသေးပါ။ အခုတော့ ယောကျ်ားတစ်ယောက်ကို လက်ထပ်ရတော့မည်တဲ့ ။

ဒေါ်လေးကြည်ကတော့ လွှာရဲ့ ဘဝအတွက် အကောင်းဆုံးဟု ပြောသည် ။ ဦးမျိုးမြင့်မာန်က ဒေါ်လေးကြည်ကိုလည်း ငွေဆယ်သိန်း ထောက်ပံ့ကူညီမည်ဟု ကတိပြုထားသည် ။

လွှာ အတွက်ကတော့ အိမ်မက်တောင် မမက်ဘူးသော ရွှေဘုံရွှေနန်းကြီးက အသင့်။ အခြေအနေ အားလုံးသည် ငြင်းဆိုစရာ မရှိအောင် လွှာ့

အတွက် ဒေါ်လေးကြည်အတွက် အဆင်ပြေနေတော့လည်း

ရပ်ကွက်ထိပ်က ကင်းသံချောင်း ခေါက်သံကြားမှ လွှာ အတွေးတွေ ပြတ်တောက်နိုင်သည် ။

မျက်ဝန်းတွေက အိပ်စက်မရနိုင်သေးပါ။

အဖေ့အတွက် ဝမ်းနည်းပူလောင်စွာ ကျခဲ့ရသော မျက်ရည်တို့ မခမ်းခြောက်သေးခင် ရင်ဆိုင်ရမည့် အနာဂတ်ဘဝလမ်းက

အဆိုးလား။ အကောင်းလား။ လွှာ မသိ။

ရွေးချယ်ခွင့်၊ ငြင်းပယ်ခွင့် မရှိပါပဲ လက်ခံခဲ့ရသော အပြစ်မှာ ...။

******

# အခန်း(၂)

တစ်ယောက်တည်း ထွက်ခဲ့မိတာ မှားပြီလားဟု နောင်တရချင်သည် ။

နောက်ကိုလှည့်ကြည့်စရာ မလိုဘဲ သိသည် ။ နိုင်သီဟ အရိပ်လိုလိုက်လာမှာ သေချာ၏။

ခြေလှမ်းတို့ ကို အသွက်လက်ဆုံး လှမ်းနေခဲ့သည့် တိုင် အမီလိုက်လာသည့် အတွက် ယောကျ်ားခြေလှမ်းတွေကို လွှာ ဘယ်လို ရှောင်ပြေးနိုင်မှာ တဲ့ လဲ။

"ဖြူလေး"

ခေါ်သံနှင့် အတူ လွှာ အနားယှဉ်လျက် ရောက်နေပြီ။ မော့ကြည့်တော့ ဂျယ်လိမ်းကာ ထောင်ထားသော ဆံပင်တွေ ထိုးထိုးထောင်နှင့် မျက်နှာကို မြင်သည် ။

မထီတရီ အပြုံးနှင့် ကြည့်နေသော မျက်ဝန်းတွေကို လွှာ ရင်ဆိုင်ရသည် ။

"ငါ့ကို မနှောင့်ယှက်ပါနဲ့ သီဟရယ်"

"ဆောရီးပဲ ဖြူလေး ငါ့ခြေထောက်တွေက ဘယ်သူ့ အမိန့်မှ မနာခံတတ်ဘူး"

လေသံကော အမူအယာပါ တစ်စက်ကလေးမှ အချိုးမပြေဘဲ ဂျစ်ကန်ကန်နိုင်တတ်တာ နိုင်သီဟရဲ့ မူပိုင်စရိုက်လို့ ပြောလို့ ရသည် ။ ရပ်ကွက်ထဲမှာ မိဘတွေက ချောင်ချောင်လည်လည် ရှိသည် ။ တစ်ဦးတည်းသော သားဆိုတော့လည်း နိုင်သီဟကို အလိုလိုက်ထား၏။

ဆယ်တန်းသုံးကြိမ်ဆက် ကျရှုံးပြီး ဘာအလုပ်အကိုင်မှ မလုပ်ဘဲ မိဘလုပ်စာ ထိုင်စားနေသူ၊ အပေါင်းအသင်းတွေနှင့် လက်ဖက်ရည်ဆိုင်ထိုင်သည် ။ လမ်းထိပ်အုတ်ခုံတွင် ဂစ်တာတီးရင်း ဟေးလားဝါးလားအော်တတ်တာ နိုင်သီဟ အလုပ်ဖြစ်သည် ။

ဒေါ်လေးကြည်တို့ ရပ်ကွက်ထဲကို ဝတ်လွှာဖြူ စရောက်ကတည်းက အရိပ်လို လိုက်နေတတ်သူပါ။

လွှာ ကြောက်ပြီး အပြင်မထွက်တာတောင် အိမ်ရှေ့က ဖြတ်လျှောက်၊ သီချင်းအော်ဆိုကာ အိမ်ထဲအထိ စာပစ်ထည့်တတ်သည် ။

လွှာ အတွက် အပြင်ထွက်လျှင် သူ့ ရန်ရှောင်ရသည် က တစ်မျောင့်။

"ရပ်ကွက်ထဲမှာ ကြားနေတဲ့ သတင်းတွေ အမှန်ပဲလား ဖြူလေး"

"ဘာ ဘာလဲ ငါ ဘာမှ မသိဘူး"

"မသိချင်ယောင် ဆောင်နေတာလား၊ ဒါဆို ဒဲ့မေးရမှာ ပေါ့၊ ဖြူလေးကို ဖိမ်ခံကားကြီးနဲ့ ပုဂ္ဂိုလ်ကြီးက လာတောင်းတာဆို"

"ဟင်"

လွှာ ပိုလို့ စိုးရိမ်သွားသည် ။ ဒီသတင်းကို နိုင်သီဟ ကြားနေတာ မကောင်း။ အင်းလေ ရပ်ကွက်လေးက ခပ်ကျဉ်းကျဉ်း ဆိုတော့လည်း သိဝှက်ထားလို့ လွယ်တာမှ မဟုတ်တာ။

"ဒီ သက်ကြားအိုကြီးက ဖြူလေးကို သိမ်းပိုက်တာ ခံမလို့ လား၊ တို့ တောင်းထားတဲ့ အဖြေကို ဖြူလေး အခု ဖြေပါ"

"ဟင့်အင်း ငါ တောင်းပန်ပါတယ်"

လွှာ မျက်နက်ဝန်းလေးတွေ ဝိုင်းစက်ပြီး လှည့်ထွက်ရှောင်ဖို့ ကြိုးစားတော့ နိုင်သီဟ ဖျတ်ခနဲ လက်ကို လှမ်းဆွဲထားသည် ။

"အို လွှတ် လွှတ်ပါ"

"မလွှတ်နိုင်ဘူး ဖြူလေး၊ တို့ ကြားနေတဲ့ သတင်း မှန်တယ်ဆိုရင် မင်းကို တို့ ဆုံးရှုံး ခံရတော့မှာ ပေါ့၊ ဒါကို တို့ လက်မခံနိုင်ဘူး"

ဆုပ်ကိုင်ထားတဲ့ လက်ကို ရုန်းကန်နေရင်း လွှာ လက်ဖဝါးလေးတွေ နာကျင်လာသည် ။ ကြောက်စိတ်ကြောင့် နှုတ်ခမ်းလေးတွေတုန်ပြီး မျက်ရည်ဝေ့နေတဲ့ မျက်ဝန်းတွေနဲ့ နိုင်သီဟကို အသနားခံ မော့ကြည့်မိသည် ။

"ဖြူလေး တို့ နဲ့ လိုက်ခဲ့ပါ။ ကိုယ့်အဖေ အရွယ်လောက်ရှိတဲ့ လူကြီးကို ဘာကြောင့် ယူရမှာ လဲ"

"ဟင့်အင်း၊ ဟင့်အင်း ငါ တောင်းပန်ပါတယ် ငါပြန်ပါရစေနော်"

ညနေဆည်းဆာရောင် ရပ်သိမ်းစပြုနေတဲ့ ဝန်းကျင်မှာ လူသူကလည်း ရှင်းလင်းနေသည် ။ လွှာ အော်ဟစ် အကူအညီ တောင်းဖို့ လည်း စိတ်က မဝံ့ရဲပါ။

နိုင်သီဟ မျက်နှာကို မော့ကြည့်တော့ လွှာရဲ့ အသနားခံမှုကို စာနာတတ်မယ့် အသွင်မရှိတာ အထင်အရှား။

"မင်းကို တို့ တကယ်ချစ်တာပါ ဖြူလေး လိုက်ခဲ့နော်"

ပြောလည်း ပြော၊ လက်ကိုလည်း ဆွဲခေါ်နေတာမို့ လှွာ ခေါင်းကို ခါ ရမ်းပြီး ရုန်းကန်နေမိသည် ။

"တီ တီ"

ကားဟွန်းသံ နှစ်ချက်ကြောင့် လှွာ လှည့်ကြည့်မိသည် ။ နိုင်သီဟက လည်း မျက်မှောင်ကြီးတွန့်လို့ အနားမှာ ငြိမ့်ခနဲ ထိုးရပ်လာတဲ့ ကားကြီး ကို ကြည့်နေသည် ။

ထိုးရပ်သွားတဲ့ ကားပေါ်က တံခါးပွင့်ဆင်းလာသူက လူရွယ်တစ်ဦးဖြစ်သည် ။ အပြာစင်းစပို့ရှပ် လက်ရှည်နှင့် ဂျင်းဘောင်း ဘီအနက်ကို ဝတ်ဆင်ထားသည် ။ အရပ်အမောင်းကတော့ နိုင်သီဟထ က်တောင် မြင့်မားလွန်းသည် ။

"ဘာဖြစ်နေတာလဲ"

သူ့မျက်ဝန်းတွေက လှွာကိုကြည့်ပြီး မေးလာသည် ။ ဒါပေမဲ့ လှွာနှု တ်က မဖြေခင်မှာ ပဲ နိုင်သီဟက ဝင်ပြောသည် ။

"ငါတို့ ဘာမှ မဖြစ်ဘူး ငါ့ကောင်မလေး စိတ်ကောက်လို့ ချော့နေ တာ"

"ဟင့်အင်း ဟင့်အင်း  မဟုတ်ပါဘူး"

"ဖြူလေး နင်ဘာမှ ဝင်မပြောနဲ့ နော်"

လက်ကိုတင်းခနဲ ဆုပ်ကိုင်ပြီး နိုင်သီဟ ပြောလိုက်တော့ လှွာနာကျ င်တာရော ကြောက်ရွံ့စိတ်ကြောင့် ပါ မျက်နှာလေးရှုံ့မဲ့ကာ နှုတ်ဆိတ် သွားသည် ။

"မင်းနဲ့ ဘာမှ မဆိုင်ဘူး သူငယ်ချင်း၊ ကိုယ်လမ်းကိုယ်သွား"

"ငါ့လမ်းငါ သွားနေတာ အမြင်မတော်တဲ့ မြင်ကွင်းက ဝင်လာလို့ ကွ၊ ကဲ မိန်းကလေး မင်းတို့ သမီးရည်းစားတွေ မဟုတ်ဘူး မို့လား"

လှွာ ခေါင်းကလေး ခါပြမိသည် ။ နိုင်သီဟက ဆုပ်ကိုင်ထားသော လက်ကိုလွှတ်မပေးသေးပါ။

လူရွယ်က ဖျတ်ခနဲ နိုင်သီဟ လက်ကောက်ဝတ်ကို ဆုပ်ကိုင်သည် ။

နိုင်သီဟ မျက်နှာ ချက်ချင်းနာကျင် ရှုံ့မဲသွားကာ ဆုပ်ကိုင်ထားသော လှွာ့လက်ကို လွှတ်သည် ။ ပြီးတော့ လွတ်နေသော လက်ဖြင့်လူရွယ် မျက်နှာကို လှမ်းထိုးသည် ။

မျက်နှာဆီ ဝဲလာသော လက်သီးကို မရှောင်ဘဲ လူရွယ်က ဘယ်လက်နှင့် ပုတ်ထုတ်၏။ ဖမ်းဆုပ်ကိုင်ထားသော နိုင်သီဟလက်ကို လိမ်ချိုးချုပ်နှောင် လိုက်ပုံက မြန်ဆန်လွန်းသည် ။

"အ အ အား"

နိုင်သီဟ ကိုယ်တစ်ပတ်လည်သွားကာ ကျောပြင်မှာ လက်တစ်ဖက်ကပ်လို့ နာကျင်စွာ ညည်းညူသည် ။ လူရွယ်က ချုပ်ကိုင်ထားသောလက်ကို ဆောင့်တွန်းပစ်လိုက်တော့ ရှေ့ကို ဟပ်ထိုးလဲကျကာ မြေပြင်မှာ မှောက်လျက်။

"မင်းနဲ့ ငါ လက်ရည်မမျှဘူး၊ မင်း ဒီနေရာက ထွက်သွားတော့"

နိုင်သီဟ လဲကျနေရာက လူးလဲထရင်း နာကျင်နေဆဲလက်ကို ကျန်လက်တစ်ဖက်နှင့် ဆုပ်ကိုင်သည် ။ ပြီးတော့ ဘာတစ်ခွန်းမှ မဆိုရဲတော့ဘဲ ချာခနဲ လှည့်ကာ အပြေးတစ်ပိုင်း ထွက်သွားခဲ့သည် ။

သူက လှွာကို လှည့်ကြည့်ရင်း

"မင်းအိမ်က အဝေးကြီးလား"

"ဟို ဟို ရပါတယ် မဝေးပါဘူး"

"ဒါဆို ကိုယ်သွားမယ်၊ နောက်ဆို မင်း တစ်ယောက်တည်း အပြင်မထွက်နဲ့ ၊ အဖော်လေး ဘာလေးခေါ်"

စကားအဆုံးမှာ ပဲ မီးခိုးရောင်ကားကြီးပေါ်ကို သူလှမ်းတက်သည် ။ ပြီးတော့မှ ငြိမ့်ခနဲ မောင်းထွက်သွားသည် ။

လွှာ မင်သက်ကာ ငေးရီရီလေး ကျန်ရစ်ခဲ့သည် ။ ပြီးမှ အသိဝင်လာကာ ခြေလှမ်းတို့ ကို သွက်သွက်ကလေး လှမ်းထွက်မိ၏။

ကျေးဇူးတင် စကားလေးတောင် မပြောလိုက်ရပါလား။ သူသာရောက်မလာလျှင် နိုင်သီဟရန်က လွှာ ရှန်းထွက်နိုင်ပဲ့ မလားတောင်မသိ။

ပြန်တွေးမိကာမှ ကြက်သီးတဖြန်းဖြန်း ထမိသေးသည် ။ လွှာ ကံကောင်းလို့ ။

******

# အခန်း(၃)

ယွန်းဘူးလေးကို          သင်ဖြူးဖျာလေးပေါ်မှာ တိုက်ပုံအနက်နှင့် ပုဂ္ဂိုလ်ကြီးက ချပေးသည် ။ ဒေါ်လေးကြည် နံဘေးမှာ ခေါင်းလေးငုံ့ထိုင်နေသော ဝတ်လွှာဖြူကလွဲ၍ အားလုံးအကြည့်တွေက ယွန်းဘူးလေးဆီမှာ စိတ်ပါဝင်စားစွာ အာရုံရောက်သွားခဲ့ကြသည် ။

ဒေါ်ခင်ကြည်ရဲ့ တစ်ဖက်နံဘေးမှာ ပူးကပ်ထိုက်နေသော မြင့်မြင့်မိုးနှင့် နှင်းနှင်းမိုးတို့ ညီအစ်မက တစ်ယောက်ကိုတစ်ယောက် လက်ကုပ်လိုက်ကြသေး၏။

"ဒါတွေက သတိုးသမီးလောင်း ဝတ်လွှာဖြူအတွက် ဟောဒီကိုမျိုးမြင့်မာန်က မင်္ဂလာပွဲအကြိုပေးတဲ့ လက်ဆောင်ပါ၊ ပြောရရင် မိန်းကလေးကို တင်တောင်းတဲ့ လက်ဝတ်ရတနာတွေ ဆိုပါတော့"

မြင့်မြင့်မိုးတို့ ညီအစ်မ မျက်ဝန်းတွေ လက်ဖြာသွားခဲ့ကြသည် ။ ကာယကံရှင် ဝတ်လွှာဖြူကတော့ ခုချိန်ထိ ခေါင်းကလေးငုံ့ကာ မျက်လွှာလေးတောင် ပင့်မကြည့်သေးတာ ဦးမျိုးမြင့်မာန် သတိထားမိသည် ။

"ရှေ့နေကြီး ပြောသလိုပါပဲ၊ ကျုပ် ဟောဒီပစ္စည်းတွေကို မိန်းကလေးအတွက် ရည်စူးပေးတာပါ။ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးမယ့် နေ့ရက်ကိုတော့ တစ်ပတ်လောက် နောက်ဆုတ်မှ ဖြစ်မယ်၊ ဘာဖြစ်လို့ လဲဆိုတော့ အင်္ဂလန်ရောက်နေတဲ့ ကျုပ်ဇနီးဟောင်းဆီက တရားဝင်

ကွာရှင်းဖို့ ကိစ္စ ပြောမလို့ ပါ။ အစက ဖုန်းနဲ့ ဆက်သွယ်ပြီး ကွာရှင်းဖို့ ကိစ္စပြောမလို့ ပါ။ အခု သူက မကြာခင် မြန်မာပြည် ရောက်လာမှာ ဆို တော့ သူ ရောက်လာတာစောင့်ပြီး ကွာရှင်းလိုက်တာ ပိုကောင်းမယ်လို့ ဆုံးဖြတ်လိုက်တာပါ"

ဦးမျိုးမြင့်မာန်က တည်ငြိမ်စွာနှင့် ရှင်းပြသည် ။ လွှာ စိတ်ထဲက တော့ အစီအစဉ်ရက်ရွှေ့ သွားတာကိုပဲ ကျေနပ်ဝမ်းသာ မိသလိုလို ဖြစ် ရ၏။

"ဒါဆို မနက်ဖြန် လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးကြမယ့် အစီအ စဉ်က ရက်ရွှေ့လိုက်ပြီးလားရှင့်"

စိုးရိမ်မကင်းလေသံနှင့် ဒေါ်လေးကြည်က မေးသည် ။ ဦးမျိုးမြင့်မာ န်က ခေါင်းညိတ်ပြရင်း

"ဟုတ်ပါတယ် နောက်တစ်ပတ်ပဲ ရွှေ့မှာ ပါ၊ ဝတ်လွှာဖြူနဲ့ လက်ထ ပ်တဲ့ အခါ ကျုပ်ဇနီးဟောင်းနဲ့ တရားဝင်ကွာရှင်းပြီး ဖြစ်စေချင်လို့ ပါပဲ၊ ဒီတော့ ဒီနေ့ရောက်လာတာကို စေ့စပ်ပွဲသဘောပဲ သတ်မှတ်ချင် သတ်မှ တ်ပါ"

ဦးမျိုးမြင့်မာန် စကားဆုံးတော့ ရှေ့နေကြီးက သင်ဖြူးဖျာပေါ် ချ ထားသော ယွန်းဘူးလေးကို ကောက်ယူသည် ။

"သမီး ဝတ်လွှာဖြူ ဟောဒီမှာ ကြည့်ပါဦး"

ရှေ့နေကြီးက ယွန်းဘူးလေးကို ကမ်းပေးရင်း ပြောတော့ လွှာ မဝံ့မ ရဲ ခေါင်းကလေးမော့ကာ ကြည့်သည် ။ ဒေါ်လေးကြည်ကလွှာ့ ကို လက် တို့ သတိပေးရင်း

"သမီး ယူ လိုက်လေကွယ်"

လှွာ လက်ကလေးနှစ်ဖက်ကမ်းကာ ယူလိုက်မိသည် ။ ဦးမျိုးမြင့်မာန်က လှွာကို တည်ငြိမ်စွာပဲ ငေးစိုက်ကြည့်ရင်းမှ

"ဦးပေးတဲ့ လက်ဝတ်ရတနာတွေက မင်းအတွက် သီးသန့်ပဲနော် ဝတ်လှွာဖြူ အထဲကို ဖွင့်ကြည့်ပါဦး"

လှွာ ယွန်းဘူးလေးကို အသာဖွင့်ကြည့်လိုက်တော့ မျက်နက်ဝန်းလေး ဝိုင်းစက်ကာ မယုံနိုင်အောင် ဖြစ်ရသည် ။

"မင်းအတွက် စိန် တစ်ဆင်စာ၊ နီလာ တစ်ဆင်စာ အပြင်ပလက်တီနမ် တစ်ဆင်ပါ ပါတယ် ဝတ်လှွာဖြူ အဲဒါ မင်းတစ်ယောက်တည်းအတွက် သီးသန့်ပေးတာပဲ"

ဒေါ်ခင်ကြည် မျက်နှာက ကျေနပ်ဂုဏ်ယူခြင်းတွေ အပြည့်၊ မြင့်မြင့်မိုးနှင့် နှင်းနှင်းမိုးတို့ ညီအစ်မ ခန္ဓာကိုယ်လေးတွေ မတ်ကာယွန်းဘူးထဲက လက်ဝတ်ရတနာတွေကို ဝိုင်းဝန်းငုံ့ကြည့်နေကြသည် ။

လောဘနှင့် တပ်မက်ခြင်း အရောင်တွေ တောက်ပနေသောသည် ညီအစ်မနှစ်ယောက် မျက်ဝန်းတွေကို ရိပ်မိနေသော ဦးမျိုးမြင့်မာန်က တည်တည်ငြိမ်ငြိမ်နှင့် ထပ်ပြောသည် ။

"ဒီပစ္စည်းတွေ မင်းကိုအပိုင်ပေးတာ မှန်ပေမယ့် မင်္ဂလာဦးပစ္စည်းတွေမို့ မပျောက်ပျက်အောင် ထိန်းသိမ်းပါ ဝတ်လှွာဖြူ"

"ဟို ဟို ဒီလောက် တန်ဖိုးကြီးတဲ့ ပစ္စည်းတွေ ကျွန်မ မယူပါရစေနဲ့ ၊ ပျောက်ပျက်ကုန်မှာ လည်း ကြောက်လို့ ပါ"

ခေါင်းကလေး တစ်ခါခါနှင့် အထိတ်တလန့် ငြင်းဆိုနေပုံက ဟန်မူယာပိုနေတာ မဟုတ်မှန်း မျက်ဝန်းလေးတွေက သက်သေတည်နေ၏။ ဦးမျိုးမြင့်မာန် စိတ်ထဲက ဒီချာတိတ်မလေး ရိုးသားဖြူစင်မှုကို ချီးကျူးမိ

သေးသည် ။

"ဘာမှ ကြောက်စရာ မလိုဘူး၊ ဒီမှာ ရှိနေစဉ်ကာလတွေမှ မင်းရဲ့ ဒေါ်လေးကလည်း တာဝန်ယူ ထိန်းသိမ်းပေးမှာ ပေါ့၊ ဟုတ်တယ်မဟုတ်လား ဒေါ်ခင်ကြည်"

"ဟုတ်ပါတယ် ဘာမှ ပျောက်ပျက်စရာ မရှိပါဘူးရှင်၊ စိတ်ချပါ ကျွန်မ တာဝန်ယူ အာမခံပါတယ်"

"ကျေးဇူးတင်ပါတယ် ဒေါ်ခင်ကြည်၊ ကျုပ် ခင်ဗျားကို ကတိပေးထားတဲ့ အတိုင်း လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးတဲ့ နေ့ကျရင် ခင်ဗျားမိသားစုအတွက် ငွေသားဆယ်သိန်းတိတိ ကူညီထောက်ပံ့ပေးမှာ ပါ"

ဒေါ်ခင်ကြည် မျက်နှာဝင်းလက်သွားသလို မြင့်မြင့်မိုးတို့ ညီအစ်မတွေ ဝမ်းသာသွားကြတာလည်း ဖုံးဖိမရနိုင်ပါ။

ဆင်ဖြူတော်မှီပြီး ကြံစုပ်ရသည့် ကိန်း ဆိုက်နေပြီကိုး။ ငွေဆယ်သိန်းဆိုတာ သူတို့ ဘဝမှာ အိပ်မက်တောင် မမက်ဘူးသော ပမာဏဖြစ်သည် ။ စိတ်ကူးယဉ် အတွေးတွေနှင့် ဆယ်သိန်းဆိုသော ငွေတစ်ထပ်ကြီးကို သူမတို့ မြင်ယောင် နေကြသည် ။

"ကဲ ကျုပ်တို့ ပြန်ဦးမယ်၊ ဒေါ်ခင်ကြည်၊ နောက်တစ်ပတ်မှ ဆုံကြတာပေါ့"

"ဟုတ် ဟုတ်ကဲ့ သမီး ဝတ်လွှာဖြူ ညော့်သည် ကို အိမ်အပြင်ထိ လိုက်ပို့ပေးလိုက်ဦးနော် သမီး"

ဝတ်လွှာဖြူ လက်ကိုဆွဲကာ ဒေါ်ခင်ကြည်က မသိမသာ တွန်းလွှတ်နေတာမို့ ဝတ်လွှာဖြူ ခေါင်းကလေးညိတ်ကာ တဲအိမ်လေးအပြင်ထိ လိုက်ပို့ပေးရသည် ။

"မင်း သိပ်ကြောက်နေတယ် ထင်တယ် ဝတ်လွှာဖြူ"

ခြံရှေ့မှာ ရပ်ထားသော ဇိမ်ခံကားနက်ကြီး အနားရောက်မှ ဦးမိုးမြင့်မာန်က လှည့်ပြောသည် ။

"ဟို ဟိုလေ လွှာ စိတ်ထဲမှာ ကြောက်လည်း ကြောက်တယ်၊ ပြီး ပြီးတော့ ဟို ဘာပြောရမှန်း မသိဘူးရှင့်"

ဦးမျိုးမြင့်မာန် ပြုံးသည် ။ မျက်နှာလေးရဲရဲနီပြီး ရှက်တာထက် အကြောက်ပိုနေသော ချာတိတ်မလေး ရင်ထဲမှ ခံစားချက်ကို သူနားလည်ပါသည် ။

"မင်း ဘာမှ မကြောက်နဲ့ ၊ ဘာမှ မစိုးရိမ်နဲ့ မင်းဘဝလေးကို ဦး ကယ်တင်စောင့်ရှောက်လိုက်တာလို့ နားလည်ပေးထား၊ ဟုတ်ပြီလား"

"ဟုတ် ဟုတ်ကဲ့"

"တစ်ခုတော့ သတိပေးထားမယ်၊ စောစောက ဦး ပေးထားတဲ့ လက်ဝတ်ရတနာတွေကို မင်းကိုယ်နဲ့ မကွာ ဂရုစိုက်ထိန်းသိမ်းပါ။ မင်းရဲ့ အဒေါ်ကို ယုံကြည်ပေမယ့် မင်း ဦးလေးအကြောင်းကို ဦး သိထားတယ်၊ ပြီးတော့ မင်းရဲ့ ဝမ်းကွဲညီမ နှစ်ယောက်ကိုလည်း အကြွင်းမဲ့ ယုံလို့ မရဘူး။ ဦး လာခေါ်တဲ့ အခါ အဲ့ဒီ ပစ္စည်းတွေ မင်းယူလာရမယ် ဟုတ်ပြီလား"

"ဟုတ် ဟုတ်ကဲ့ပါ ဦးမျိုးမြင့်မာန်"

"ကဲ ကဲ သွားတော့ သိပ်လည်း စိုးရိမ်မနေပါနဲ့ ၊ သူတို့ ကို ထိုက်သင့်တဲ့ ငွေကြေး ကျုပ် ထောက်ပံ့မှာ ဆိုတော့ မလုပ်သင့်တာကိုတော့ မလုပ်ရဲလောက်ပါဘူး ကဲ ဦးတို့ ပြန်မယ်"

စကားအဆုံးမှာ ဦးမျိုးမြင့်မာန် ကားနောက်ခန်းတံခါး ဖွင့်ကာတက်

သည် ။ ရှေ့နေကြီးက ကားပေါ်ရောက်နေပြီ။

ဒရိုင်ဘာက ကားလေးကို ငြိမ့်ခနဲ မောင်းထွက်သွားသည် နှင့် လွှာ အိမ်လေးထဲကို ခပ်သုတ်သုတ် ပြန်ဝင်ခဲ့သည် ။

"ဟဲ့ ဟဲ့ မကိုင်ကြနဲ့ လေ ခုချက်ချင်း ပြန်ထည့်ကြစမ်း"

ဒေါ်လေးကြည်၏ အော်ဟစ် တားသံကို ကြားသည် ။ ယွန်းဘူးလေး ထဲက လွှာရဲ့ လက်ဝတ်ရတနာတွေကို ကိုင်တွယ်ကြည့်ဖို့ ကြိုးစားနေသ ည့် ညီအစ်မနှစ်ယောက် တွန့်ခနဲ လက်တွေတန့်သွားကြသည် ။

"အမေကလည်း ခဏလေး ကိုင်ကြည့်မလို့ ပါ"

"ပွန်းပဲ့သွားမှာ ကျနေတာပဲ အမေက ပိုတယ်"

"မကိုင်နဲ့ မထိနဲ့ ဦးမိုးမြင့်မာန် ပြောသွားတာ နင်တို့ ကြားတယ်လေ၊ သမီးလေး ဝတ်လွှာဖြူကိုပေးတဲ့ ပစ္စည်းတဲ့ ၊ သူ့ စေတနာမဲ့အောင် နင် တို့ လုပ်ရင် ဟိုက ငွေဆယ်သိန်းကို သဒ္ဒါမဲ့သွားလိမ့်မယ်ဟဲ့"

"အမလေး ကိုင်ကြည့်တာလေးများ ဘာဖြစ်မှာ မို့လဲ တော်ပါပြီ အ မေက သမီးရင်းတွေတောင် မယုံသလိုနဲ့ "

မြင့်မြင့်မိုး မဲ့ကာရွဲ့ကာ မကျေမနပ် ဆိုပြီး ထထွက်သွားသည် ။ အင ယ်မ နှင်းနှင်းမိုးကလည်း မဆီမဆိုင် အိမ်ပေါ်တက်လာသော လွှာကို မျ က်စောင်းထိုးကာ ထလိုက်သွား၏။

"သွားကြ သွားကြ ဘာမှ ဆင်ခြင်တုံ တရားကော အသိတရားပါမရှိ တဲ့ ဟာတွေ၊ ကဲ သမီးလေး ဟောဒီပစ္စည်းတွေကို သမီးအခန်းထဲမှာ သေသေချာချာ သိမ်းနော်၊ သံသေတ္တာထဲ သော့ခတ်သိမ်း၊ ဒေါ်လေးကြ ည်တော့ သမီးလေးအတွက် ဂုဏ်ယူကျေနပ်တယ်ကွယ်၊ သမီးလေး အ နာဂတ် ကောင်းစားသွားသလို ဒေါ်လေးတို့ အတွက်ပါ သမီးက ထောက်

ပုံ့ကူညီ နိုင်ခဲ့သူပါ။ ဒီအတွက် ဒေါ်လေး တစ်သက်လုံး ကျေးဇူးတင်နေမှာ ပါ သမီးရယ်"

ဒေါ်လေးကြည် ရင်ထဲက ခံစားချက်အတိုင်း ပွင့်လင်းစွာ ပြောသည် ။ လွှာအတွက် ဒေါ်လေးကြည် ဝမ်းသာကျေနပ်နေတာ မျက်ဝန်းတွေထဲမှာ အထင်အရှားပါပဲ။

လွှာမှာ သာ ကြောက်စိတ်တွေကော ဝမ်းနည်းစိတ်တွေပါ ခံစားနေရသည် ။ လွှာ တကယ်ပဲ ကံကောင်းခဲ့တာလား။

ဘဝတစ်ခုလုံးကို အချစ်မဲ့စွာ ပုံအပ်ရတော့မည့် အဖြစ်ကဂုဏ်ယူကျေနပ်စရာတဲ့ လား ဒေါ်လေးရယ်။

*****